## ၁၅။ အဖြူရောင်ဖြုတ်ပိုး

**White Leafhopper :** ***Cofana spectra*** **(Distant, 1908)**

**Hemiptera : Cicadellidae**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**



**ဖျက်ဆီးပုံလက္ခဏာများ**



အရွက်များအပေါ်တွင်စုပ်စားထားသောအစက်အပြောက်များတွေ့ရသည်။အရွက်နှင့်အညွန့်ထိပ်ပိုင်းများတွင်ဖြုတ်အများအပြားတွေ့ရပြီးဝါလာကာညိုခြောက်သွား၍အပင်သေဆုံးသည်။ အဖြူရောင်ဖြုတ်ပိုး မှပျားရည်ချိုထုတ်ပေးခြင်းကြောင့်အမဲရောင် ကြပ်ခိုးမှိုကို ဖြစ်စေသည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥ အဆင့် | - ( ၁၁ ) ရက် |
| ပိုးမမည်အဆင့် | - (၂၁-၂၄ ) ရက် |
| အကောင်ကြီး အဆင့် | - (၂၃-၂၉ ) ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းများ**

(၁)မစိုက်မီ ကြံဆစ်ပိုင်းများအားအီမီဒါကလိုပရစ်(Imidacloprid 600 FS/ Imidacloprid 70 SS) ဆေးများဖြင့်လူးနယ်စိုက်ပျိုးပါ။

(၂) ပေါင်းမြက်များအားရှင်းလင်းပါ။

(၃)ထိသေ၊စားသေ (သို့) ပင်လုံးပြန့်အာနိသင်ရှိ ပိုးသတ်ဆေးတမျိုးမျိုးကို ဆေးအညွှန်း အတိုင်း ပက်ဖျန်းပါ။ ပိုးသတ်ဆေးများကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြထားသည့် မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျခူးဆွတ်ပါ။

- ဒိုင်မီသိုအိတ် (Dimethoate)
- ဒိုင်နိုတီဖျူရမ် (Dinotefuran)
- အဆီတာမီပရစ် (Acetamiprid)